# မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား တစ်ဆို့စေသည့်အကြောင်းရင်းများ

ဂွမ်ဆန်အောင် မိအေးခိုင် နှင့် ဉာဏ်ထွန်းအောင်
ရဒ်ကာအန်တလီကိုဗာ (Ph.D) မှ တည်းဖြတ်သည်။



FRIEDRICH EBERT STIFTUNG

PLRI
Peace Leadership & Research Institute

# အကျဉ်းချုပ်

မြန်မာနိုင်ငံသည် ကမ္ဘာ့အကြာရှည်ဆုံး ပြည်တွင်းစစ်ဖြစ်ပွားနေသည့် တိုင်းပြည်တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံအစိုးရ အဆက်ဆက်သည် ထိုဆယ်စုနှစ်ပေါင်းများစွာရှည်ကြာနေသည့် ပဋိပက္ခများကိုအဆုံးသတ်ရန် ကြိုးပမ်းနေဆဲဖြစ်ပြီးလက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည်လည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့်အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည်။ သို့သော် မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် တိုးတက်မှုအနည်းငယ်ဖြင့် ရှေ့သို့ဖြည်းဖြည်းချင်းရွေ့လျက်ရှိသည်။ ဥပမာအနေဖြင့် (သမ္မတဦးသိန်းစိန်လက်ထက်) အစိုးရအသိအမှတ်ပြု တိုင်းရင်းသားလက်နက်ကိုင် (၁၈) ဖွဲ့အနက် ယနေ့တိုင် (၁၀) ဖွဲ့သာလျှင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူ စာချုပ် (NCA) ကို လက်မှတ်ရေးထိုးထားနိုင်သေးသည်။ ထို့ကြောင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် အကြောင်းအရာတစ်ချို့အပေါ်တွင် တစ်ဆို့နေသည်ဟု သုံးသပ်ရပြီး ထိုပြဿနာကို မဖြေရှင်းမီ ပြဿနာ၏ အကြောင်းအရင်းအား ဦးစွာရှာဖွေရန်လိုပါသည်။ ထို့ကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်နေသူများ၊ အဖွဲ့အစည်းများအနေဖြင့် ထိုတစ်ဆို့နေသည့်ပြဿနာများကို သိရှိပြီး ဖြေရှင်းနိုင်မည့်နည်းလမ်းများကို သုံးသပ်ရှာဖွေနိုင်ရန် ရည်ရွယ်လျက် ဤသုတေသနသည် မြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နှောင့်နှေးကြန့်ကြာစေသည့် အကြောင်းရင်းများကို အဓိကဆန်းစစ်ခဲ့ပြီး ပါဝင်ပတ်သက်လျက်ရှိသော အဖွဲ့များအနေဖြင့် ယင်းနှောင့်နှေးကြန့်ကြာစေသည့် အရင်းခံပြဿနာများအား အသိအမှတ်ပြုခြင်းအားဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့ဆက်နိုင်ရန်တွက် စဉ်းစားအဖြေရှာနိုင်မည်ဖြစ်သည်။

အရည်အသွေးစံထားသည့်နည်းစနစ်ကို အသုံးပြုခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှိ ထိပ်ပိုင်း ခေါင်းဆောင် (၃) ဦးနှင့် အရပ်သားပညာရှင်တစ်ဦး၊ စုစုပေါင်း လေးဦးနှင့် အသေးစိတ်တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သည်။

ဤသုတေသနသည် လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တစ်ဆို့စေသည့် အကြောင်းရင်းများအနေဖြင့် တစ်ခုတည်းသောတပ်မတော် ဖွဲ့စည်းရေး၊ ခွဲမထွက်ရေး၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ ပြဋ္ဌာန်းချက်များ အပေါ် နားလည်မှုမတူညီခြင်း၊ အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ မပါနိုင်သေးခြင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ၏ အခန်းကဏ္ဍ အားနည်းခြင်း၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခွင့်မရခြင်း၊ နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြား စည်းလုံးမှုအားနည်းခြင်းတို့ကို လေ့လာဖော်ထုတ်ခဲ့သည်။ ငြိမ်းချမ်းရေးခရီး ရှေ့ဆက်နိုင်ရန်အတွက် ထိုအကြောင်းရင်းများကို ကိုင်တွယ်ဖြေရှင်းရန်လိုအပ်နေသည်။

တွေ့ရှိချက်များအရ သက်ဆိုင်ရာအဖွဲ့အစည်း များသည် ယုံကြည်မှုတည်ဆောက်ရေးနည်းလမ်းများကို ဖော်ဆောင်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အဓိကလုပ်ဆောင်နေသူများ အားလုံးပါဝင်နိုင်ရေးအတွက် လမ်းကြောင်းဖွင့်ထားရန် လိုအပ်ပါသည်။ ထို့အပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြား စည်းလုံးမှုနှင့်ယုံကြည်မှုတည်ဆောက်ရန်အတွက် ဘုံဦးတည်ချက်များကို ဆွေးနွေးပြီး ဆုံးဖြတ်နိုင်ရန် အလွတ်သဘော တွေ့ဆုံမှုများ များများပြုလုပ်ရန်လိုအပ်ပါသည်။

# ကျေးဇူးတင်လွှာ

စာရေးသူများသည် ဤသုတေသနပြုလုပ်ရာတွင် ဘဏ္ဍာရေးဆိုင်ရာထောက်ပံ့မှုများပေးခဲ့သည့် ငြိမ်းချမ်းရေးခေါင်းဆောင်မှုနှင့် သုတေသန အင်စတီကျူ့ (PLRI) ကို လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။ ဤသုတေသနသည် ငြိမ်းချမ်းရေးခေါင်းဆောင်မှုနှင့် သုတေသနအင်စတီကျူ့မှ နည်းပြဆရာ James MacMillanနှင့် သုတေသနနည်းပြဆရာမ Radka Antalíková တို့၏ လမ်းညွှန်ပြသမှု၊ ဝိုင်းဝန်းကူညီပေးမှုနှင့် တန်ဖိုးရှိ လှသည့်အကြံပေးချက်များမပါရှိဘဲ အောင်မြင်စွာပြီးမြောက်နိုင်မည် မဟုတ်သောကြောင့် ဆရာ နှင့် ဆရာမကိုအထူးပင်ကျေးဇူးတင်ရှိပါသည်။ စာရေးသူများအနေဖြင့် သုတေသနမေးခွန်းများပြင်ဆင်ရာတွင် အကောင်းဆုံးသော အကြံပြုချက်များပေးခဲ့သည့်အပြင် အမြဲတမ်းအကူအညီပေးနိုင်ရန်အဆင်သင့်ရှိနေသော သပြေပညာရေးဖောင်ဒေးရှင်း၏ အမှုဆောင်ဒါရိုက်တာတစ်ဦး ဖြစ်သူ ဆရာစောမျိုးမင်းသူကိုလည်း ကျေးဇူးတင်ရှိပါသည်။ နောက်ဆုံးမှဖော်ပြသော်လည်း အလေးထားလျက်ဖြင့် ဤသုတေသနကိုဖြစ်မြောက်အောင်မြင်စေရန် တက်ကြွစွာပါဝင်ကူညီပေးခဲ့ကြသည့် ဖြေဆိုသူများကို အလွန်ပင်ကျေးဇူးတင်ရှိကြောင်း ထုတ်ဖော်ပြောကြားလိုပါသည်။

JOINT PEACE FUND

FRIEDRICH EBERT STIFTUNG

Forum of Federations
The Global Network on Federalism and Devolved Governance

Thabyay Education Foundation
inspire . empower . enable

# နိဒါန်း

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်ပြီး တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs) တို့ကြား နှစ်ပေါင်းရှည်ကြာ လက်နက်ကိုင်မငြိမ်သက်မှု ဖြစ်ပွားနေသည့် နိုင်ငံဖြစ်ပါသည်။ ဤပဋိပက္ခ၏ မူလဇစ်မြစ်မှာ ၁၉၄၇ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ရှမ်း၊ ကချင် နှင့် ချင်းစသည့် တောင်တန်းဒေသများရှိတိုင်းရင်းသားခေါင်းဆောင် များက လက်မှတ်ရေးထိုးခဲ့သည့် ပင်လုံစာချုပ်ကိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခြင်းမရှိရာမှ အစပြုခဲ့သည်ဟုဆိုရမည် ဖြစ်သည်။ ပင်လုံစာချုပ်အရ တိုင်းရင်းသားခေါင်းဆောင် များသည် ဗြိတိသျှတို့ထံမှလွတ်လပ်ရေးကို ပြည်မနှင့်အတူ ရယူပြီး ဒီမိုကရေစီဝါဒအခြေခံသော ပြည်ထောင်စုကိုအတူတကွ တည်ထောင်ရန် သဘောတူခဲ့သည်။ တိုင်းရင်းသားလူနည်းစု များ၏ အခွင့်အရေး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် နှင့် ၁၀နှစ်ပြည့်ပါက ပြည်ထောင်စုမှ ခွဲထွက်လိုလျှင် ခွဲထွက်ပိုင်ခွင့် စသည့် အခွင့်အရေးများကို အာမခံချက်ပေးခဲ့သည့် ထိုပင်လုံစာချုပ် ကြောင့်ပင် လက်ရှိမြန်မာနိုင်ငံတော်ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်သည် (Sakhong ၊ ၂၀၁၇)။ သို့သော် ကံအကြောင်းမလှစွာ ပင်လုံစာချုပ်ကို အဓိကဦးဆောင်လက်မှတ်ထိုးခဲ့သူ ဗိုလ်ချုပ် အောင်ဆန်းမှာ ဇူလိုင် (၁၉) ရက်၊ ၁၉၄၇ ခုနှစ်တွင် လုပ်ကြံ ခံလိုက်ရပြီး ပင်လုံကတိကဝတ်များမှာလည်း ယနေ့တိုင် မျက်ကွယ်ပြုခြင်းခံခဲ့ရသည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် ဗြိတိသျှထံမှ လွတ်လပ်ရေး ရရှိပြီးနောက် တိုင်းပြည်ကို ပါလီမန်ဒီမိုကရေစီစနစ်ဖြင့် အုပ်ချုပ်ခဲ့သည်။ လွတ်လပ်ရေးရပြီး (၄) လမျှအကြာတွင် ထိုစဉ်က ဗမာပြည်ကွန်မြူနစ်ပါတီ၊ ကရင်တော်လှန်ရေး တပ်ဖွဲ့များနှင့် တိုက်ပွဲများဖြစ်ခဲ့ပြီး မြန်မာပြည်ကြီးသည် ပြည်တွင်းစစ်နှင့်တိုးခဲ့ရသည်မှာ ယနေ့တိုင်ဖြစ်သည် (Walton ၊ ၂၀၁၈) ။ ၁၉၆၂ခုနှစ်တွင် လက်နက်ကိုင်ပဋိပက္ခများနှင့် တိုင်းပြည်မတည်ငြိမ်မှုကိုအကြောင်းပြုကာဗိုလ်ချုပ်နေဝင်းသည် တိုင်းပြည်အာဏာကို သိမ်းယူခဲ့သည်။ ဗိုလ်ချုပ်နေဝင်း၏ စစ်အာဏာရှင်အစိုးရလက်အောက်တွင် ပင်လုံစာချုပ်ပါ ကတိကဝတ်များသည် လျစ်လျူရှုခံရပြီးတိုင်းရင်းသားလူမျိုး စုများသည် နိုင်ငံရေး၊ လူမှုရေး နှင့် စီးပွားရေးအရာတွင် ဘေးဖယ်ခံခဲ့ရသည်။ ထိုအချက်သည် တိုင်းပြည်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ပေါင်းများစွာ ပေါ်ထွက်လာ ရခြင်း၊ ဆယ်စုနှစ်များစွာ ပြည်တွင်းစစ်သက်ဆိုးရှည်ကြာခြင်း တို့၏ အကြောင်းအရင်းခံတစ်ခုပင်ဖြစ်သည်။

ဆယ်စုနှစ်ပေါင်းများစွာ စစ်အစိုးရ၏ ဖိနှိပ်အုပ်ချုပ်မှုပြီးနောက် မြန်မာနိုင်ငံတွင် ၂၀၁၀ ခုနှစ်တွင် အာဏာရှင်စနစ်မှ ဒီမိုကရေစီ စနစ်သို့ နိုင်ငံရေးအကူးအပြောင်းစတင်ဖြစ်ပေါ်ခဲ့သည်။ ၂၀၁၀ ရွေးကောက်ပွဲသည် မဲလိမ်မှု၊ မဲမသမာမှုကိစ္စများကြောင့် ဝေဖန်မှုများစွာရှိခဲ့သော်လည်း တပ်မတော်ကျောထောက် နောက်ခံပြုထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေး ပါတီက ရွေးကောက်ပွဲအနိုင်ရရှိခဲ့ပြီး အာဏာရအစိုးရ ဖြစ်လာသည်။ ထို့နောက် ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ရက် နေ့တွင် ဦးသိန်းစိန်၏ အရပ်သားတစ်ပိုင်း အစိုးရသည် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးအတွက် ငြိမ်းချမ်းရေး ဆွေးရန် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များကို ဖိတ်ခေါ် ကမ်းလှမ်းခဲ့သည်။ ၂၀၁၁ နှင့် ၂၀၁၃ခုနှစ်ကြားတွင် အစိုးရနှင့် EAO အဖွဲ့ ၁၅ဖွဲ့သည် နှစ်ဖက်သဘောတူ အပစ်ရပ် စာချုပ်များကို လက်မှတ်ရေးထိုးခဲ့သည် (မင်းဇော်ဦး၊ ၂၀၁၄) ။ ၂၀၁၃ခုနှစ် နိုဝင်ဘာလတွင် EAO ၏ အဓိကညှိနှိုင်းဆွေးနွေး ရေးအဖွဲ့ အဖြစ် EAO အဖွဲ့ ၁၆ဖွဲ့ ပါဝင်သော တစ်နိုင်ငံလုံးအပစ် အခတ်ရပ်စဲရေးညှိနှိုင်းအဖွဲ့ (NCCT) ကိုဖွဲ့စည်းတည်ထောင် ခဲ့ပြီးတစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (NCA) မူကြမ်းရေးဆွဲခဲ့သည်။ ထိုနောက် ၂၀၁၅ခုနှစ် အောက်တိုဘာလ ၁၅ရက်နေ့တွင် အစိုးရနှင့် EAO အဖွဲ့ ၈ဖွဲ့သည် NCA စာချုပ်ကို သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၈ခုနှစ်တွင် နောက်ထပ်EAO ၂ဖွဲ့ လက်မှတ်ရေးထိုးခဲ့သည်။

NCA သည် အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်သက်သက် မျှသာမဟုတ်ဘဲ၊ လက်ရှိငြိမ်းချမ်းရေးဆွေးနွေးပွဲများလုပ်ဆောင် လုပ်ဆောင်နေသည့်လုပ်ငန်းမူဘောင်တစ်ခုလည်းဖြစ်သည်။ NCA ၏ရည်ရွယ်ချက်ပန်းတိုင်သည် "တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့များနှင့်မြန်မာ့တပ်မတော်တို့ကြားဆယ်စုနှစ်ပေါင်း များစွာကြာ ဖြစ်ပေါ်နေသည့် စစ်ပွဲများ(အကြမ်းဖက်မှုများ) ကို အဆုံးသတ်ရန်နှင့် ငြိမ်းချမ်းရေးနှင့်ပြန်လည်သင့်မြတ်ရေးကို ဦးတည်သည့် နိုင်ငံရေးဆွေးနွေးပွဲ များကျင်းပနိုင်ရေးအတွက် လမ်းကြောင်းများဖော်ဆောင်ပေးရန်ဖြစ်သည် (Kipgen၊ ၂၀၁၅၊ စာမျက်နှာ-၄၀၉)။ ယေဘုယျအားဖြင့် NCA စာချုပ်တွင် လက်နက်ကိုင်ပဋိပက္ခများအဆုံးသတ်ရေး၊ နိုင်ငံရေးဆွေးနွေး ပွဲများ ကျင်းပရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး အတွက် နိုင်ငံရေးအဖြေရှာခြင်းတို့ပါဝင်သည် (National Reconciliation and Peace Centre ၊ ၂၀၁၅) ။ ဤဖော်ပြချက်များအတိုင်း (၂၁) ရာစုပင်လုံဟုလူသိများ ထင်ရှားသည့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (UPC) ကို သုံးကြိမ်တိုင်ကျင်းပပြုလုပ်ပြီးဖြစ်သည်။ UPC ၏ ရည်ရွယ် ချက်မှာ တိုင်းရင်းသားလူမျိုးစုအားလုံး စည်းလုံးညီညွတ်ရေးနှင့် နှင့် ဖယ်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေး အတွက် ဆွေးနွေးပွဲများမှတစ်ဆင့် နိုင်ငံရေးအဖြေရှာရန် ဖြစ်ပါသည်။ UPC သုံးကြိမ်မြောက် ကျင်းပပြီးသည့်အချိန်ထိ နိုင်ငံရေးနှင့်စီးပွားရေးကိစ္စရပ်များအပြင် လူမှုရေးနှင့် မြေယာ အခွင့်အရေးများနှင့်စပ်လျဉ်းပြီး စုစုပေါင်း ၅၁ချက်သဘောတူညီ ထားရှိပြီးဖြစ်ပါသည်။ သို့သော်လည်းတန်းတူညီမျှမှုရှိရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နှင့် ပြည်ထောင်စုမှခွဲမထွက်ရေးအစရှိသည့် နိုင်ငံရေးနှင့်လုံခြုံရေးဆိုင်ရာအဓိကကိစ္စရပ်များကို UPC လုပ်ငန်းစဉ်မှ ချန်လှပ်ထားခဲ့သည်။

## ငြိမ်းချမ်းရေးရရှိရေးကိုဟန့်တားနေသည့် အခက်အခဲများ

ဉာဏ်လှိုင်လင်း (၂၀၁၇) ၏ ပြောဆိုချက်များအရ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးရရှိရေးကို အဟန့်အတားပြုနေသည့် အချက် (၇)ချက်ရှိပြီး ၎င်းတို့ထဲမှအကြီးမားဆုံးအချက်မှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အားလုံး NCA လက်မှတ်ရေးထိုးရေး ဖြစ်သည်။ ငြိမ်းချမ်းရေးစကားဝိုင်းများအဆက်မပြတ်ပြုလုပ် နေသော်လည်း အင်အားအကြီးဆုံး လက်နက်ကိုင်အဖွဲ့ အများစုမှာ လက်မှတ်မရေးထိုးရသေးပေ။ လက်နက်ကိုင် တိုက်ပွဲ များလည်း  တိုင်းရင်းသားဒေသများတွင် ဆက်လက် ဖြစ်ပေါ်နေဆဲဖြစ်သည်။  လက်မှတ်မရေးထိုးရသေးသည့် အဖွဲ့များကို (၂၁) ရာစု ပင်လုံညီလာခံ အစည်းအဝေးများတွင် လေ့လာသူအဖြစ် တက်ရောက်ခွင့်ပြုထားသော်လည်း စကားဝိုင်းနှင့် ဆုံးဖြတ်ချက်ချမှတ်သည့်ကဏ္ဍများတွင် ပါဝင်ခြင်းကို တားမြစ်ထားခဲ့သည်။ ထို့ကြောင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အားလုံးပါဝင်ရေးသည် ငြိမ်းချမ်းရေး ဖြစ်စဉ်အောင်မြင်ရေးအတွက်   မရှိမဖြစ်အရေးပါသောကြောင့် တရားဝင်ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးပွဲတွင်လက်မှတ်မရေးထိုး ထားသော အဖွဲ့များပါဝင်နိုင်စေရန်ဆောင်ရွက်ရေးသည် အစိုးရ အတွက် ကြီးမားသောစိန်ခေါ်မှုတစ်ခုအဖြစ် ကျန်ရှိနေဆဲ ဖြစ်သည်။

ငြိမ်းချမ်းရေးရရှိရေးကိုအဟန့်အတားဖြစ်စေသည့်  နောက်ထပ် အရေးပါသောအချက်တစ်ချက်မှာ တစ်ခုတည်းသောတပ်မတော် ဖွဲ့စည်းရေးကိစ္စပင်ဖြစ်သည်။  ထို့အပြင်   တိုင်းရင်းသားများ တောင်းဆိုနေသည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုလည်း  ခွဲမထွက်ရေး မူနှင့် အစုံလိုက်အဆိုပြုကမ်းလှမ်းချက် (package deal) အဖြစ် လုပ်ထားသည်။ EAO အဖွဲ့များအနေဖြင့် တစ်ခုတည်းသော တပ်မတော်ထားရှိခြင်းအပေါ်  မူအရ လက်ခံသော်လည်း ၎င်း၏ ဖွဲ့စည်းပုံနှင့် တာဝန်ဝတ္တရားဆိုင်ရာကိစ္စများကို ညှိနှိုင်းဆွေးနွေးရန်လိုအပ်သည်ဟုဆိုသည်။   သို့သော် တပ်မတော်အနေဖြင့် အဆိုပါအသေးစိတ်အချက်အလက်များကို ဆွေးနွေးခြင်းမရှိဘဲ၊ ၎င်းတို့အဆိုပြုသည့် တစ်ခုတည်းသော တပ်မတော်ကို လက်ခံရန် EAO များကို တိုက်တွန်းနေဟန် ရှိသည်။ (ငြိမ်းငြိမ်း၊ ၂၀၁၈) ။ ထို့အပြင် တပ်မတော်က အဆိုပြုသည့် ခွဲမထွက်ရေး နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် သက်ဆိုင်သော ကိစ္စရပ်များသည်လည်း ဖြေရှင်းနိုင်ခြင်းမရှိဘဲ ကျန်ရှိနေဆဲဖြစ်ပါသည်။

ဖော်ပြပါအချက်များသည် ငြိမ်းချမ်းရေးဖြစ်စဉ်ကို အဟန့်အတား ဖြစ်စေသော ထင်ရှားမြင်သာသည့် အချက်များဖြစ်ပြီး မြန်မာ့ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်သည့် စာတမ်းများတွင်လည်း ကျယ်ကျယ်ပြန့်ပြန့် ရေးသားဆွေးနွေးကြသည်ကို တွေ့ရသည်။ သို့သော် မိမိတို့အနေဖြင့်  ငြိမ်းချမ်းရေးရရှိရေးကို မထင်မရှားနှင့် သွယ်ဝိုက်ပြီး နှောင့်နှေးကြန့်ကြာစေသော အကြောင်းအရင်းများလည်း ရှိအုံးမည်ဟုယုံကြည်သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရန်အတွက် ထင်သာ မြင်သာသော ပြဿနာများကို ဖြေရှင်းဖို့လိုသလို အခြားမထင် မရှားရှိနေသော ပြဿနာများကိုလည်း ဆန်းစစ်ဖော်ထုတ်ရန် အရေးကြီးပါသည်။ ထို့ကြောင့် ဤသုတေသနတွင်  မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်ပါဝင်ပတ်သက်နေသူများအနေဖြင့်၊ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ် တစ်ဆို့နေမှုများအပေါ်  ဘယ်လိုရှုမြင် ကြသလဲ၊ ဖြေရှင်းနိုင်မည့်နည်းလမ်းများက ဘာတွေရှိမလဲ ဆိုသည်ကို လေ့လာဆန်းစစ်ထားပါသည်။

# သုတေသနနည်းလမ်း

ဤလေ့လာမှုတွင် အရည်အသွေးစံထားသည့်သုတေသနနည်းစနစ်ကို အသုံးပြုခဲ့သည်။ အချက်အလက်ကောက်ယူရာတွင် တစ်စိတ်တစ်ပိုင်း ပြင်ဆင်ပြုစုထားသည့် တွေ့ဆုံမေးမြန်းမှုများ (semi-structured interviews) နည်းကို အသုံးပြုခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ဤလေ့လာမှုသည် ငြိမ်းချမ်းရေးတွင် အဓိကပါဝင်သူများ၏ သဘောထားအမြင်များနှင့်ပတ်သက်ပြီး အသေးစိတ် သိရှိနိုင်ရန်နှင့် သက်ဆိုင်ရာနောက်ဆက်တွဲ မေးခွန်းများကို ချက်ချင်းမေးမြန်းနိုင်ရန် ရည်ရွယ်ခဲ့သောကြောင့် ဖြစ်သည်။ သုတေသီများအနေဖြင့် ဤတွေ့ဆုံမေးမြန်းသည့် ပုံစံကို ရွေးချယ်ခဲ့ခြင်း၏ အခြားသောအကြောင်းရင်းတစ်ခုမှာ ဖြေဆိုသူများ၏ မတူညီကွဲပြားမှုနှင့် ရာထူးကြီးမားမှုတို့ကြောင့် ပါဝင်ဖြေဆိုသူအားလုံးကို တစ်ချိန်တည်း၊ တစ်နေရာတည်းတွင် ဖြေဆိုနိုင်ဖို့ စီစဉ်ဆောင်ရွက်ရာတွင် အလွန်ခဲယဉ်းသောကြောင့် ဖြစ်သည်။ ဤသုတေသနတွင်ဖြေဆိုသူများသည် အဖွဲ့အစည်း အသီးသီးမှ နောက်ခံအကြောင်းအရာ ပုံစံမျိုးစုံရှိသောကြောင့် လက်မှတ်ရေးထိုးပြီးအဖွဲ့များအတွက်တစ်မျိုး၊ လက်မှတ်မရေးထိုးထားသည့် အဖွဲ့များအတွက်တစ်မျိုး၊ နှင့် ငြိမ်းချမ်းရေး ဆိုင်ရာပညာရှင်များအတွက်တစ်မျိုးဖြင့် တွေ့ဆုံမေးမြန်းမှု လမ်းညွှန်သုံးခု သီးခြားဖန်တီးခဲ့သည်။ တွေ့ဆုံမေးမြန်းရန် လမ်းညွှန်တစ်ခုစီတွင် ကဏ္ဍသုံးခုဖြင့် စုစုပေါင်းအဖွင့်မေးခွန်း ၁၅ခုပါဝင်သည်။

စာတမ်းရင်းမြစ်များကိုသာမက စာနယ်ဇင်းနှင့်လူမှုမီဒီယာနှစ်ခု စလုံးမှ နောက်ဆုံးရသတင်းအချက်အလက်များကိုပါ အခြေခံပြီး တွေ့ဆုံမေးမြန်းရန်မေးခွန်းများကိုဖန်တီးထားခြင်းဖြစ်သည်။ လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထင်ဟပ်စေရန် မေးခွန်းများကို ဖန်တီးရာတွင် သုတေသီများသည် NCA ပါ အကြောင်းအရာများကိုလည်း ပြန်လည်လေ့လာသုံးသပ်ခဲ့သည်။ အမှန်အားဖြင့် မေးခွန်းအများစုသည် NCA ပေါ်တွင်အခြေခံ တည်ဆောက်ထားခြင်းဖြစ်ပါသည်။ အဓိကမေးခွန်းများကို အကြမ်းရေးပြီးနောက် သုတေသီများသည် ထိုမေးခွန်းများကို သုတေသနအကြံပေးလမ်းညွှန်ဆရာများ၊ သက်တူရွယ်တူ သုတေသီများသာမက သုတေသနအတွေ့အကြုံ များစွာရှိပြီး လက်ရှိအမျိုးသားငြိမ်းချမ်းရေးလုပ်ငန်းတွင် ထဲထဲဝင်ဝင် ပါဝင် လုပ်ဆောင်နေသည့်သူများနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။ အကြိမ်ကြိမ်တည်းဖြတ်မှုများပြီးနောက် မေးခွန်းများကို အပြီးသတ်ရေးခဲ့ပြီး အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုခဲ့သည်။ နောက်တစ်ဆင့်အနေဖြင့် NCA-S EAO ရုံးတွင် လုပ်ကိုင်နေသည့်အကြီးတန်းအရာရှိတစ်ဦးနှင့် အကြို စမ်းသပ်မေးမြန်းမှုတစ်ခု ပြုလုပ်ခဲ့သည်။ စမ်းသပ်မေးမြန်းမှု ပြီးနောက် သုတေသီများသည် နောက်ဆက်တွဲမေးခွန်းများကို ထည့်သွင်းစဉ်းစားကာ မေးခွန်းပြန်လည်တည်ဆောက်ခြင်းဖြင့် တွေ့ဆုံမေးမြန်းရန်မေးခွန်းများကို နောက်ထပ်ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။

## ဖြေဆိုသူရွေးချယ်ခြင်းနှင့်လုပ်ငန်းစဉ်

ဤသုတေသနအတွက် သုတေသီများသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် မတူညီသည့် အဖွဲ့အစည်းလေးခုမှ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေကြသည့် ထိပ်ပိုင်းခေါင်းဆောင် (၄) ဦးကို ရွေးချယ်ခဲ့သည်။ နမူနာစာရင်းတွင် NCA လက်မှတ်ထိုးပြီးနှင့် မထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နှစ်ခုစလုံးမှ ထိပ်သီးခေါင်းဆောင်များပါဝင်သည်။ ထိုပါဝင်ဖြေဆိုသူများတွင် မွန်ပြည်သစ်ပါတီမှဖြေဆိုသူ တစ်ဦး၊ ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ မှ ဖြေဆိုသူတစ်ဦး၊နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ် တပ်ဦးမှ တစ်ဦးပါဝင်ဖြေဆိုခဲ့သည်။ သုတေသီများသည် သီးခြားလွတ်လပ်သော သက်ဆိုင်ရာ stakeholder တစ်ဦးပါဝင်ရန်အတွက် မြန်မာငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်နေသော အရပ်ဘက်အဖွဲ့အစည်းတစ်ခုဖြစ်သည့် ငြိမ်းချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာမြန်မာအင်စတီကျု (MIPS) မှ ပညာရှင်တစ်ဦးနှင့်လည်း တွေ့ဆုံမေးမြန်းခဲ့သည်။ ထို့ကြောင့် ဤလေ့လာမှုတွင် သက်ဆိုင်ရာ stakeholder များကို နမူနာကောက်ယူခြင်းနည်းလမ်း နှင့် ကျွမ်းကျင်ပညာရှင်များကို နမူနာကောက်ယူသည့်နည်းလမ်းများကို အသုံးပြုခဲ့သည်။

တွေ့ဆုံမေးမြန်းမှုများသည် ပျမ်းမျှအားဖြင့် တစ်ဦးကို ၁နာရီခွဲခန့်ကြာမြင့်ခဲ့ပါသည်။ တွေ့ဆုံမေးမြန်းမှုများမပြုလုပ်မီ သုတေသီများအနေဖြင့် ဖြေဆိုသူများထံသို့ ကြိုတင်အသိပေး ခွင့်ပြုချက်ယူသည့်စာ နှင့် သုတေသနနှင့်ပတ်သက်သော အကြောင်းအရာများကို ကြိုတင်ပို့ထားခဲ့ပါသည်။ သုတေသီများသည် ပါဝင်ဖြေဆိုသူတစ်ယောက်ချင်းစီ၏ နာမည်၊ အဖွဲ့အစည်း၊ ရာထူးကို အသုံးပြုခွင့်ပေးရန်နှင့် သုတေသနအစီရင်ခံစာတွင် တွေ့ဆုံမေးမြန်းမှုမှ လေ့လာ သုံးသပ်ချက်များကို ထုတ်ဝေခွင့်ပြုရန် ခွင့်ပြုချက်တောင်းခံ ခဲ့သည်။ သုတေသနတွေ့ဆုံမေးမြန်းခြင်းမပြုမီ အစပိုင်းတွင် သုတေသီများသည် ဖြေဆိုသူများနှင့် ယုံကြည်မှု တည်ဆောက်ရန် အချိန်ပေးခဲ့ပါသည်။ အချက်အလက်များ ကောက်ယူပြီးသည့်နောက် သုတေသီများသည် ဖြေဆိုသူများ ပြောပြခဲ့သည့် အချက်အလက်များနှင့်ပတ်သက်ပြီး သဘောပေါက်နားလည်ခြင်းကို အတည်ပြုရန်နှင့် အနက် အဓိပ္ပာယ် လွဲမှားစွာ ကောက်ယူခြင်းမျိုး မဖြစ်ပေါ်စေရန် အချက်အလက်များကို ပြန်လည်ပြောပြခြင်းများပြုလုပ်ခဲ့သည်။

# တွေ့ရှိချက်များ နှင့် ဆွေးနွေးချက်များ

ဤသုတေသနတွေ့ရှိချက်များသည် မြန်မာနိုင်ငံငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည် အဓိကအားဖြင့် ရှေ့တွင်ဖော်ပြခဲ့ပြီးဖြစ်သော အကြောင်းအရာများဖြစ်သည့် တစ်ခုတည်းသောတပ်မတော် တည်ထောင်ခြင်း၊ ပြည်ထောင်စုမှခွဲမထွက်ရေးနှင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်အစရှိသည့် အကြောင်းရင်းများကြောင့် တစ်ဆို့ နေကြောင်းကို အတည်ပြုခဲ့ပါသည်။ တစ်ချိန်တည်းတွင် လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နှောင့်နှေးကြန့်ကြာစေသော အခြားအရေးပါသော အကြောင်းရင်းများ ဖြစ်သည့် NCA စာချုပ်ပါအကြောင်းအရာများကိုနားလည်လက်ခံထားမှုမတူ ညီခြင်း၊ အပစ်အခတ်ရပ်စဲရေးပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများနှင့်ပတ်သက်၍ မရှင်းလင်းခြင်း၊ တရားဝင်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အချို့သောEAO အဖွဲ့များကိုချန်လှပ်ထားခြင်းနှင့် အမျိုးသား အဆင့် နိုင်ငံရေး ဆွေးနွေးပွဲများ ကျင်းပခွင့်မရခြင်း စသည့် အချက်များကို တွေ့ရှိခဲ့သည်။

တွေ့ဆုံမေးမြန်းမှုများတွင် ဖြေဆိုသူများအားလုံးကထုတ်ဖော် ပြောသည့် စိတ်ဝင်စားဖွယ်အချက်တစ်ချက်မှာ NCA သည် ပြီးပြည့်စုံသော အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်တစ်ခု မဟုတ်သော်လည်း ယခုအချိန်အထိ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်း သမိုင်းတစ်လျှောက်တွင် အကြီးမားဆုံးအောင်မြင်မှု တစ်ခု ဖြစ်ကြောင်း ဖော်ပြကြသည်။ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာ မြန်မာအင်စတီကျု့၏ အမှုဆောင်ဒါရိုက်တာ မင်းဇော်ဦး က NCA ၏ အားသာချက်နှင့်ပတ်သက်၍ "မြန်မာပြည်မှာတစ်သက် လုံးလက်မခံခဲ့တဲ့ ဖယ်ဒရယ်ဆိုတာကိုလက်ခံအောင်လုပ်ပေး လိုက်တယ်။ ပင်လုံစာချုပ်မှာတောင်ဖယ်ဒရယ်မှမပါတာ" ဟု ပြောဆိုခဲ့ပါသည်။ ဆက်လက်ပြီး ၎င်းအနေနဲ့ "အခုဖြစ်နေတဲ့ ပြဿနာကကျနော်မြင်တာ NCA ပြဿနာမဟုတ်ဘူး။ အကောင်အထည်ဖော်တဲ့ပြဿနာ။ NCA မှာပါတဲ့အချက် တွေကို NCA မှာရေးတုန်းကစဉ်းစားခဲ့တဲ့အတိုင်း အကောင် အထည်ဖော်တာမဟုတ်ဘဲနဲ့ သူ့ရဲ့အနှစ်သာရနဲ့လွဲချော်ပြီးသွား တဲ့ဟာတွေအများကြီးရှိတယ်။ အဲ့ဒီမှာ (စာချုပ်အကောင် အထည်ဖော်ခြင်းဖြစ်စဉ်) ပြဿနာဖြစ်တာ"။ ထို့ကြောင့် အဓိကပြဿနာမှာ စာချုပ်ပါအခြေခံမှုများကြောင့်မဟုတ်ဘဲ ထိုအချက်များကို အကောင်အထည်ဖော်ရာတွင် ဖြစ်ပေါ်ခြင်း ဖြစ်သည်ကို လေ့လာတွေ့ရှိရသည်။

### တစ်ခုတည်းသောတပ်မတော်တည်ထောင်ခြင်း

တစ်ခုတည်းသောတပ်မတော်ကိစ္စနှင့်ပတ်သက်၍ EAO အဖွဲ့များသည် ဖယ်ဒရယ်နိုင်ငံတွင် တပ်မတော်တစ်ခု တည်းသာရှိသင့်သည် ဟူသည့်အချက်ကို မူအားဖြင့် သဘောတူလက်ခံပြီးဖြစ်သည်ကို တွေ့ရသည်။ သို့သော် ထိုတစ်ခုတည်းသောတပ်မတော်ကို ဘယ်လိုဖွဲ့စည်းကြမလဲ ဆိုသည်မှာ မေးခွန်းဖြစ်နေသည်။ ။ ထိုအကြောင်းအရာနှင့် စပ်လျဉ်း၍ ဆရာ မင်းဇော်ဦးနှင့်တွေ့ဆုံမေးမြန်းရာတွင် "EAO တွေက single army ကိုလက်မခံတာမဟုတ်ဘူး။ လက်ခံပြီးပြီ။ single army ကိုလက်ခံတဲ့အခါမှာ single army နဲ့အတူ ဘယ်လို principle တွေဖြစ်သင့်သလဲဆိုတာကို သူတို့က တစ်ခါတည်း တွဲပြီးသိချင်တာ" ဟု ပြောဆိုခဲ့ပါသည်။ ဆက်လက်ပြီး "ပြဿနာက ဘာလဲဆိုတော့ security sector ဘယ်လိုreform ပြန်လုပ်မလဲဆိုတဲ့အချက်။ တပ်မတော်ဘက်က ကျတော့ လက်နက်ကိုင်အဖွဲ့အစည်းတွေ ကိုယ်သဘောတူညီတဲ့ နိုင်ငံရေးစနစ်ရဖို့ဆိုရင် လက်နက်ဖြုတ်ပြီး နိုင်ငံရေးနည်းလမ်းနဲ့ တွေ့ဆုံညှိနှိုင်းဖို့ပြောတယ်။ အဲ့ဒါကို EAO တွေဘက်ကလည်း ကျနော်တို့ကို လက်နက်ဖြုတ်ဖို့လာပြောတော့ တပ်မတော်ရော ဘယ်တော့ နိုင်ငံရေးထဲက ထွက်မလဲ။ အဲဒီ့ဟာကလည်း အဓိကနှစ်ခုပေါ့။ .... ဘယ်သူက နိုင်ငံရေးထဲကအရင်ထွက်မလဲ၊ ဘယ်သူက လက်နက်အရင်ဖြုတ်မလဲ ဆိုတဲ့ကိစ္စ တစ်လိမ့်မယ်။ အဲ့ဒါက အခက်အခဲရှိလိမ့်မယ်။" ဟု ၎င်းကဖြည့်စွက်ပြောဆို ခဲ့ပါသည်။ လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေးနှင့်စပ်လျဉ်း၍ မွန်ပြည်သစ်ပါတီ အလုပ်အမှုဆောင်ကော်မတီဝင် နိုင်အောင်မငေး အနေနှင့်လည်း "တစ်ဆို့မှုဖြစ်နိုင်တဲ့ဟာ အကျိုးမဖြစ်လာနိုင်တဲ့ဟာ အဲဒါတွေကို အရင်ဦးစားပေး မစဉ်းစားပဲနဲ့ ရှေ့ဆက်ဘယ်လိုသွားရမလဲ၊ အဲဒီကနေ စပြီးတော့ ယုံကြည်မှုကို တည်ဆောက်။ အချင်းချင်း ယုံကြည်မှုကနေ တစ်ဆင့် ကျနော်တို့ ရှေ့ဆက်သွားမယ် ဆိုရင် အများကြီးအလုပ်ဖြစ်တယ်" ဟု အကြံပြုခဲ့ပါသည်။

### ပြည်ထောင်စုမှခွဲမထွက်ရေး

အဓိကတစ်ဆို့မှုဖြစ်စေသည့် နောက်ထပ်ကိစ္စရပ်မှာ ပြည်ထောင်စုမှခွဲမထွက်ရေးကိစ္စပင်ဖြစ်သည်။ တပ်မတော်သည် EAO အဖွဲ့များကို ပြည်ထောင်စုမှခွဲမထွက်ရဟူသောအချက်ကို သဘောတူမှသာ တိုင်းရင်းသား များတောင်းဆိုသည့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို အာမခံပေးမည်ဟု ထုတ်ဖော်ပြောဆိုထားသည်။ သို့သော်လည်း EAO အဖွဲ့များအနေဖြင့် အဆိုပါ တပ်မတော်၏ တောင်းဆိုချက်သည် ဖယ်ဒရယ်အခြေခံမူနှင့် သွေဖည် နေကြောင်း၊ NCA စာချုပ်တွင်လည်း ထိုအချက်များမပါကြောင်း ငြင်းဆန်ထားသည်။ ဤအကြောင်းအရာနှင့်ပတ်သက်၍ ဆရာ မင်းဇော်ဦးက ၎င်း၏ထင်မြင်ယူဆချက်ကို အောက်ပါအတိုင်း ထုတ်ဖော်ကြားခဲ့သည် -

> "အမှန်က ခွဲမထွက်ရေး ဆိုတာက ကျနော်တို့လည်း NCA ကြည့်တဲ့အထဲမှာ အစအဆုံး ပါခဲ့တာပဲ။ အားလုံးက အဲကိစ္စပြောစရာကို မလိုဘူးထင်တာပဲ။ ဘာကြောင့်လဲဆိုတော့ NCA အပိုဒ် (၁)၊ (က) မှာ တိုင်းရင်းသား လက်နက်ကိုင်ဖက်က ဒီ့အရေး သုံးပါးကို လက်ခံပေးတယ်။ တပ်မတော် အစိုးရဖက်က ဖယ်ဒရယ်ကို လက်ခံပေးတယ်။ အဲဒီမှာကတည်းက contract ကိစ္စ ပြီးသွားပြီလို့ အားလုံးက သဘောပေါက်တယ်။ ဒီ့အရေး သုံးပါးဆိုတဲ့ ခွဲမထွက်ရေး၊ နိုင်ငံတော် မပြိုကွဲရေး၊ ဒါတွေ အကုန်လုံးက ခွဲမထွက်ဖို့ ပြောထားတဲ့ ဟာတွေချည်းပဲ။ ဒါတွေကို လက်ခံတယ်ဆိုကတည်းက

ခွဲမထွက်ရေးကိစ္စ ပြီးသွားပြီ၊ ဆွေးနွေးစရာ မလိုတော့ဘူးလို့ ထင်ထားလိုက်တယ်။"

နောက်ထပ်ပါဝင်ဖြေကြားသူ ဆရာ နိုင်အောင်မငေး ကလည်း "တပ်မတော်က ခွဲမထွက်ရနင့် တစ်ခု တည်းသော တပ်မတော်ကိစ္စ အဆိုတင်မလာဘူး ဆိုရင် ငြိမ်းချမ်းရေးဖြစ်စဉ်က အခုဆိုရင် တော်တော် ခရီးရောက်နေလောက်ပြီ" ဟု မှတ်ချက်ပြုသွားခဲ့သည်။

## NCAစာချုပ်ပါအကြောင်းအရာများကိုနားလည်လက်ခံထားမှု မတူညီခြင်း

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး၏ ဗဟိုကော်မတီဝင် မိစုပွင့် ကို တွေ့ဆုံမေးမြန်းရာတွင် "အရင်ကတည်းက ဒီသဘောတူညီချက်တွေနဲ့ ပတ်သက်ပြီးတော့ မရှင်းလင်းတဲ့ကိစ္စတွေကို အစည်းအဝေး ဆုံးဖြတ်ချက်ဆိုပြီးတော့ ပြန်ထားပြီးအမိပ္ပာယ်ဖွင့်ထားတာတွေရှိတယ်။ အရင်ကတည်းက မရှင်းတဲ့ကိစ္စတွေက တကယ်လို့ ဆက်ရှင်းလို့လည်းမရတော့ဘူး။ နစ်ဖက် တစ်ဆို့မှုတွေဖြစ်လာနိုင်တဲ့အခြေအနေမျိုးဆိုရင် နားလည်မှုတစ်ခုယူပြီးတော့ အစည်းအဝေး ဆုံးဖြတ်ချက်ဆိုပြီးထားပြီးတော့ ကျော်လာခဲ့တဲ့ဟာတွေက အခုအချိန်မှာလာပြီး နည်းနည်းလေးတစ်ဆို့မှုတွေ လာဖြစ်တာပေါ့နော်။" ဟု သုံးသပ်ပြောဆိုခဲ့ပါသည်။ နိုင်အောင်မငေးအနေဖြင့်၎င်း၏သုံးသပ်ချက်နှင့်ပတ်သက်၍

> "တကယ့် ပြန်ပြီးတော့ အခုဆိုရင် အစကနေ ပြန်ကောက်ရတဲ့ သဘော ဖြစ်သွား။ အာ့ဆိုရင် ဒီအဆုံးဆုံး ပြောရင် NCA မှာ တကယ့် အကောင်အထည် ဖော်တဲ့အခါ ကျရင် တစ်ဆို့မှုတွေ ဖြစ်လာရော။ NCA ကနိုင်ငံရေး ဆွေးနွေးပုံစံလေးနဲ့လာတယ်ဆိုတော့ နိုင်ငံရေး framework မူဘောင်၊ NCA ရဲ့လမ်းပြမူဘောင်ဖြစ်တဲ့ ၇ ချက် ဆိုတာရှိမယ်။ ဒုတိယ အဆင့်က framework ဆွဲဖို့ပေါ့နော်။ နိုင်ငံရေး မူဘောင် ဆွဲမယ်ဆိုတော့ အဲဒီမှာက သဘောထား ရှိုးရှိုးနဲ့သွားကြမယ်ဆိုတော့ အဲ့မှာကစပြီး စကားတွေ ပြောကြတယ်။ ပြောကြလာတော့ အဓိပ္ပါယ် သတ်မှတ်ချက်တွေ၊ တစ်ယောက်နဲ့ တစ်ယောက် အဓိပ္ပါယ်ဖော်မှုက မတူလာကြပြန်။ ဖယ်ဒရယ် ပြည်ထောင်စုက ဘာလဲ။ ဖယ်ဒရယ်ပြည်ထာင်စု ဒီမိုကရေစီ၊ ဖယ်ဒရယ်ပြည်ထောင်စု၊ ဖယ်ဒရယ် ဒီမို ဆိုတဲ့ စကားများမှုကလည်း ရှေ့နောက်ဆိုတော့ စကားများမှုလည်း ဖြစ်လာတယ်။ အဲ့လို အဓိပ္ပါယ် သတ်မှတ်မှုက စပြီးတော့ အခုက တစ်ဆို့မှုဖြစ်လာတယ်။" ဟု ပြောဆိုခဲ့ပါသည်။

အမှန်တကယ်အားဖြင့် NCA စာချုပ်ပထမအပိုဒ်ပါ အခြေခံမူများသည် အငြင်းပွားဖွယ်ဖြစ်နေဆဲပင်ဖြစ်သည်။ ထိုအခြေခံမူများသည် တပ်မတော်၏ တို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး နှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး သာမက EAO အဖွဲ့များ၏ အဆိုပြုချက်များဖြစ်သည့် ဖယ်ဒရယ်မူဝါဒ၊ တန်းတူညီမျှမှု နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ဖြစ်ပါသည်။ အထူးသဖြင့် တပ်မတော်သည် ခွဲမထွက်ရေးမူကိုအဆိုပြုထားပြီးဖြစ်သော်လည်း EAO အဖွဲ့များကလက်မခံနိုင်ပေ။ မည်သို့ပင်ဖြစ်စေ တပ်မတော်အနေဖြင့် NCA အခြေခံမူများတွင် ပါဝင်ပြီးဖြစ်သော ထိုတို့တာဝန်အရေးသုံးပါးကို ရည်ညွှန်းပြောဆိုနေခဲ့ပြီး လက်တွေ့တွင် ခွဲမထွက်ရေးကိုသာဆိုလိုခြင်းဖြစ်သည်။ ၎င်းကိုသုံးသပ်ခြင်းအားဖြင့် တပ်မတော်နှင့် EAO အဖွဲ့များသည် NCA ကို လက်ခံရွေးချယ်ခြင်းမပြုမီ ထိုအကြောင်းအရာများကို ရှင်းလင်းစွာ နားလည်သဘောပေါက်ခြင်းမရှိခဲ့သောကြောင့် လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ရှေ့မတိုးနောက်မဆုတ် အခြေအနေတစ်ခုဖြစ်စေခဲ့သည်။

## အားလုံးမပါဝင်နိုင်သေးခြင်း

NCA သည် တစ်နိုင်ငံလုံးဆိုင်ရာဖြစ်သော်လည်း EAO အဖွဲ့အတော်များများသည် NCA လုပ်ငန်းစဉ်တွင် တရားဝင်ပါဝင်ခြင်း မရှိသေးပေ။ ထို့ကြောင့် ၎င်းတို့ကို NCA စာချုပ်တွင်လက်မှတ်ရေးထိုးစေရန် လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်လာစေရန်သည် အဓိကအခက်အခဲများထဲမှတစ်ခုဖြစ်နေဆဲပင်ဖြစ်သည်။

> နိုင်အောင်မငေးအနေဖြင့် "NCA လက်မှတ်မထိုးထားတာက EAO အနေနဲ့ကြည့် ရင် ၁၁ဖွဲ့ရှိတယ်။ အင်အားချင်းစုဖွဲ့မှု အရရော၊ နယ်မြေအရရော သူ့ရဲ့ ပါဝါတွေ ကြည့်တဲ့အရရော သူတို့ ၁၁ ဖွဲ့က ကျနော်တို့ထက် အများကြီးသာတယ်။ နယ်မြေဒေသ အရရော စုဖွဲ့မှုအရရော၊ အင်အားပါဝါချင်း အရရော ကျနော်တို့ ဆယ်ဖွဲ့ထက် သူက အများကြီး သာနေတယ်။ ကျနော်တို့က အင်အားကို ကြည့်လိုက်ရင် ဟိုအဖွဲ့ရဲ့ ၂၅ ပုံတစ်ပုံလောက်ပဲ ရှိမလားမသိဘူး ခန့်မှန်းကြည့်တာပေါ့နော်။ ၁၁ ဖွဲ့ရဲ့ ၂၅ ပုံက ကျနော်တို့ ၁၀ လောက်ပဲရှိမယ်။ ဆိုတော့ ဟို ၁၁ ဖွဲ့ရဲ့ သဘောတူညီချက် မရှိရင်လည်း NCA ကျနော်တို့ ဘယ်လောက်ပဲ ပြည်ထောင်စု accord ရသည်ဖြစ်စေ ဟို ၁၁ ဖွဲ့က သဘောတူညီချက် KIO တို့ UWSA တို့ မိုင်းလားတို့၊ AA တို့ သူတို့သဘောတူညီမှု မရှိရင်လည်း ဒီပြည်ထောင်စု တည်ဆောက်တဲ့အခါမှာ တစ်ဆို့မှု အခက်အခဲ ဖြစ်လာမှာပဲ။ အဲ့ဒါ သတိထားဖို့ပေါ့နော်။" ဟု သုံးသပ်ပြောဆိုခဲ့ပါသည်။

ဥပမာအားဖြင့် KIO သည် NCA လက်မှတ်မထိုးရသေးသည့် အင်အားအကောင်းဆုံးလက်နက်ကိုင်အဖွဲ့များထဲမှ တစ်ဖွဲ့ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဦးသိန်းစိန်အစိုးရ လက်ထက်တွင် ၎င်းနှင့်နီးကပ်စွာတည်ရှိနေသည့် နယ်မြေများရှိ လက်နက်ကိုင်အဖွဲ့များကို NCA စာချုပ်တွင်လက်မှတ် ရေးထိုးခွင့် မပြုခဲ့သောကြောင့်ဖြစ်သည်။ အကယ်၍ KIO သည်

၎င်း၏အိမ်နီးချင်းဒေသများမပါဝင်ဘဲ သဘောတူညီလက်မှတ်ရေးထိုးခဲ့လျှင် မြောက်ပိုင်းရှိနယ်မြေများတွင် ဖြစ်ပေါ်နေသောပဋိပက္ခများကို ဖြေရှင်းရန်ခဲယဉ်းသွားလိမ့်မည်ဖြစ်သည်။ ကချင်လွတ်လပ်ရေးကောင်စီ ဒု-ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ဆွမ်လွတ်ဂွမ်မော်သည် KIO အနေဖြင့် NCA တွင် လက်မှတ်မထိုးခြင်းအကြောင်းနှင့်စပ်လျဉ်း၍

> "KIO ကတော့အဓိကတော့ ဒီ NCA ဟာ အပြီးသတ်မဆွေးနွေးနိုင်ခဲ့ဘူးလို့ ဒီလိုဘဲခံယူတယ်။ ဒုတိယအချက်ကတော့ အပြီးသတ် မဆွေးနွေးနိုင်တာဖြစ်တဲ့တွက်ကြောင့်မလို့ ဒီ text က ပြည့်စုံမှုမရှိဘူး။ တတိယ အချက်ကတော့ ဒီစောင့်ကြည့်ရေးယန္တရားတွေမှာ အားနည်းချက်ရှိတယ်။ စတုတ္ထအချက်ကတော့ ဒီတစ်ဖွဲ့ နဲ့ တစ်ဖွဲ့ရဲ့ တစ်ချို့ အယူအဆတွေ ပေါ်မှာ ကွဲလွဲတာတွေရှိတယ်။ ဥပမာနိုင်ငံရေးလမ်းပြမြေပုံတို့ ပြီးတော့ DDR/SSR ဆိုင်ရာ တပ်ပိုင်းဆိုင်ရာ ကိစ္စတွေမှာက တစ်ဖွဲ့နဲ့တစ်ဖွဲ့ အယူအဆချင်း သေချာမဆွေးနွေးဘဲနဲ့ မညှိနိူင်းဘဲနဲ့ NCA ကိုလက်မှတ်ထိုးတဲ့ အခါကျတော့ ဟိုဘက်ဆက်ပြီး အကောင်အထည်ဖော်တဲ့ အခါမှာ အများကြီးလွဲနေတာရှိပါတယ်။ ဒါကြောင့် ဒီအချက်တွေက အဓိက အခက်အခဲဖြစ်ပါတယ်။" ဟု ရှင်းပြပြောဆိုခဲ့သည်။

ဤအကြောင်းကြောင့် NCA စာချုပ်တွင်လက်မှတ်ထိုးရန်လိုအပ်နေသေးသည့် EAO အဖွဲ့အချို့ရှိနေပြီး လက်မှတ်မထိုးရသေးသောအဖွဲ့များရှိနေသမျှကာလပတ်လုံး ဤ NCA ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် တစ်နိုင်ငံလုံးအတိုင်းအတာအောင်မြင်နိုင်မည်မဟုတ်ချေ။

## အပစ်အခတ်ရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ၏အခန်းကဏ္ဍ

NCA သဘောတူညီမှုစာချုပ်အတည်ပြုချက်နှင့်အညီ JMC ကိုဖွဲ့စည်းတည်ထောင်ခဲ့သည်။ သို့ရာတွင် ဖြေဆိုသူများ၏ပြောကြားချက်အရ JMC သည် စစ်သားရေးရာကန့်သတ်ချက်များ၊ စစ်တပ်၏ကျင့်ဝတ်နှင့် အပစ်အခတ် ရပ်စဲရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများလိုက်နာဆောင်ရွက်ခြင်းကို စောင့်ကြည့်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း တို့အတွက် တာဝန်ရှိသော်လည်း JMC သည် ၎င်း၏တာဝန်နှင့်ဝတ္တရားများကိုပြည့်ဝစွာထမ်းဆောင်နိုင်ခြင်းမရှိပေ။ ဥပမာအားဖြင့် JMC ၏အခက်အခဲများနှင့် စပ်လျဉ်း၍မိစုပွင့်က

> "JMC အပစ်အခတ်တိုက်ခိုက်မှုစောင့်ကြည့်ရေးကော်မတီမှာလည်း ဘယ်လိုအခက်အခဲတွေရှိလဲဆိုရင် အပစ်ရပ်နယ်မြေမသတ်မှတ်နိုင်ဘူး။ အပစ်ရပ်နယ်မြေသတ်မှတ်ဖို့စစ်တပ်ဘက်ကလည်းသဘောမတူဘူး။ တာမျိုးလုပ်မယ်ဆိုပြီးတစ်ချို့က သဘောထားရှိတယ်။ အပစ်ရပ်နယ်မြေမသတ်မှတ်နိုင်တော့ အခုလိုတိုက်ပွဲတွေပြန်ဖြစ်တယ်။ မြေမကျော်နဲ့ပေါ့။ တပ်ကလည်းရိက္ခာပို့တယ်။ သူတို့တပ်ကိုပြောတယ်။ KNU ကလည်းသူတို့ နယ်မြေကျော်တယ်ဆိုပြီးပစ်တယ်။ နယ်မြေကျော်တယ်ဆိုတာကနစ်ဖက်စွပ်စွဲနေသလိုမျိုးတွေဖြစ်နေတယ်။ ဘေးကစောင့်ကြည့်တဲ့အဖွဲ့ကလည်းဘာမှမတတ်နိုင်ဘူး။ အပစ်ရပ်နယ်မြေမသတ်မှတ်ထားတော့လေ။ ဘယ်သူကဘယ်သူ့ကိုနယ်မြေကျော်တယ်ဆိုပြီး အခက်အခဲတွေဖြစ်နေတယ်။" ဟု ဖြေဆိုခဲ့ပါသည်။

ဗိုလ်ချုပ်ကြီးဆွမ်လွတ်ဂွမ်မော် ထောက်ပြပြောဆိုခဲ့သည့်အချက်မှာ "တပ်ပိုင်းဆိုင်ရာတွေမှာအစကတည်းကဝေါဟာရ ရှင်းလင်းချက်တွေသေချာမရှိဘူးဘယ်နေရာတော့အပစ်ရပ်နယ်မြေဖြစ်တယ်။ ဘယ်နေရာတော့အပစ်ရပ်နယ်မြေမဟုတ်ဘူး ဆိုတဲ့အပိုင်းတွေနဲ့အဓိပ္ပာယ်သတ်မှတ်ချက်တွေဖြစ်တယ်။ code of conduct မှာလည်း တိတိကျကျလိုက်နာရမယ့် တစ်ချို့စည်းကမ်းတွေကိုမရေးထားနိုင်ဘူး။"

NCA လက်မှတ်ရေးထိုးထားသော EAO အဖွဲ့များကြားတွင် သာမက ၎င်းတို့နှင့်တပ်မတော်တို့အကြား ပဋိပက္ခများအဆက်မပြတ်ဖြစ်ပေါ်နေခြင်းသည် JMC ၏ အကောင်အထည်ဖော်ဆောင်ခြင်းနှင့် စောင့်ကြည့်ရေးလုပ်ငန်းစဉ်များတွင် အားနည်းချက်များရှိနေသည်ကိုညွှန်ပြနေခြင်းဖြစ်သည်။ အချို့သောပါဝင်ဖြေဆိုသူများက မြေပြင်တွင်တိုက်ခိုက်မှုများ ဖြစ်ပေါ်နေခြင်းသည်နိုင်ငံရေးဆွေးနွေးပွဲများကို ထိခိုက်မှုရှိကြောင်း ပြောကြားခဲ့သည်။ ထို့ကြောင့် ပါဝင်ဖြေဆိုသူများသည် ရှေ့မတိုးနောက်မဆုတ်အခြေအနေကို ကျော်ဖြတ်နိုင်ရန်၊ စစ်သားရေးရာကန့်သတ်ချက်များ၊ စစ်တပ်ကျင့်ဝတ်၊ နှင့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို စောင့်ကြည့်ရန်နှင့် အကောင်အထည်ဖော်ဆောင်ရန် JMC သည် အားကောင်းသည့် ယန္တရားတစ်ခုအဖြစ် မဖြစ်မနေဖြစ်ပေါ်လာရန် လိုအပ်ကြောင်းအကြံပြုပြောဆိုခဲ့သည်။ ဤအကြောင်းအရာနှင့်စပ်လျဉ်းပြီး နိုင်အောင်မငေးက "JMC ရဲ့အကောင်အထည်ဖော်မှုဟာ မပြည့်စုံလို့ နိုင်ငံရေးကဏ္ဍမှာ တစ်ဆို့မှုဖြစ်သလို၊ JMC မှာလည်းပြဿနာဖြစ်လာတာကိုလူတွေက JMC ရဲ့ပြဿနာက NCA ပြဿနာလို့ မမြင်သေးဘူး။ အခုလူတွေကဒီ NCA ပိတ်ဆို့မှုတစ်ခုပဲသိနေကြတယ်။" ဟု သုံးသပ်ခဲ့ပါသည်။

## ရှမ်းပြည်နယ်နှင့်ရခိုင်ပြည်နယ်တွင်အမျိုးသားအဆင့်နိုင်ငံရေးပွဲများမရှိခြင်း

UPC - ၂၁ရာစုပင်လုံညီလာခံကျင်းပနိုင်ရန် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီသည် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးမှုများမှ ထွက်ပေါ်လာသည့်ကိစ္စရပ်များကိုအဆိုပြုတင်သွင်းရန်တာဝန်ရှိပါသည်။ UPC ညီလာခံကို သုံးကြိမ်တိုင်ကျင်းပပြီးဖြစ်သော်လည်း အချို့သော NCA လက်မှတ်

ရေးထိုးပြီး EAO အဖွဲ့များဖြစ်သည့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီတို့အနေဖြင့် အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲများကျင်းပရန်ခက်ခဲနေဆဲဖြစ်သည်။ ဥပမာအားဖြင့် ၂၀၁၈ခုနှစ်တွင် ရှမ်းပြည်နယ် ပြည်သူလူထု တွေ့ဆုံဆွေးနွေးပွဲ အစည်းအဝေးပွဲများကို တပ်မတော်က ပိတ်ပင်တားဆီးခဲ့သည်။ ထိုအကြောင်းအရာနှင့်စပ်လျဉ်း၍ မိစုပွင့်က

> "ဥပမာ-ကရင်တောင်လုပ်ခွင့်ရှိတယ်လေ NCA လက်မှတ်ထိုးထားတာချင်းအတူတူဘာလို့ရှမ်းကလုပ်ခွင့်မရှိလဲ အဲ့ဒါဆိုတောင်ကြီးမှာလုပ်ခွင့်မပေးဘူးဆိုရင် မလုပ်ဘူးဆိုတာမျိုးတွေပေ့ါနော်။ အဲ့လိုမျိုးအပြန်အလှန်တွေဖြစ်ကြတော့အဲ့လိုမျိုးအမျိုးသာဆွေးနွေးပွဲမပြီးလို့ federal အခြေခံမူတွေနဲ့ပတ်သက်ရင် ရှမ်းကအမျိုးသားအဆင့်ဆွေးနွေးပွဲတွေကနေ ဘာအကြံပြုချက်မှမထွက်တော့နိုင်ငံရေးဆွေးနွေးပွဲတွေမှာလည်း သူတို့က သဘောထားမပေးတော့ဘူး။ ပြောရင်ကျွန်တော်တို့ အမျိုးသားအဆင့်ဆွေးနွေးပွဲမရှိသေးဘူး၊ ဒီအတွက် ကျွန်တော်တို့သဘောထားမပေးနိုင်သေးဘူး ဆိုတာမျိုးကိုပဲ ပြောတဲ့အခါကျတော့ဒီဘက်မှာနိုင်ငံရေးဆွေးနွေးပွဲတွေကလည်းလုပ်သာလုပ်တာ ကရင်ရယ် ပအို့ရယ် ချင်းရယ်ကနေ တင်လာတဲ့အမျိုးသားအဆင့်ဆွေးနွေးပွဲအချက်တွေနဲ့ပဲ လုပ်နေတာ။ ရခိုင်ရော ရှမ်းရောကလုပ်ခွင့်မရဘူး။ ဒီလိုမျိုးတွေဖြစ်လာတဲ့အခါကျတော့နိုင်ငံရေးဆွေးနွေးပွဲကလည်း ဆက်သွားရခက်စောင့်ရခက်ပေ့ါနော်။ နောက်ပြီးရခိုင်ကျတော့ လည်းနယ်မြေအခြေအနေတွေကို အကြောင်းပြတာပေ့ါနော်။" ဟု သုံးသပ်ပြောဆိုခဲ့ပါသည်။

တပ်မတော်အနေနှင့် အချို့သောတိုင်းရင်းသားအခြေပြုနိုင်ငံရေးဆွေးနွေးပွဲများကျင်းပပြုလုပ်ပါက EAO အဖွဲ့အချို့သည်၎င်းတို့၏ တိုင်းရင်းသားပြည်သူလူထုနှင့် ဆက်ဆံရေး ပိုမိုကောင်းမွန်လာပြီး တပ်ပိုင်းဆိုင်ရာ စစ်သားစုဆောင်းမှုများ ပိုမိုပြုလုပ်လာလိမ့်မည်ဟု စိုးရိမ်စိတ်ရှိနေကြောင်း ပါဝင်ဖြေဆိုသူအများစုကကောက်ချက်ချပြောဆိုခဲ့သည်။ ထို့ပြင် တိုင်းရင်းသားပြည်သူအချို့သည် လွတ်လပ်သောပြည်နယ်တည်ထောင်ရန် တောင်းဆိုလာမည်ဟု တပ်မတော်အနေဖြင့်စိုးရိမ်မှုရှိကြောင်း ပါဝင်ဖြေဆိုသူများကထုတ်ဖော်ပြောဆိုခဲ့သည်။ အကယ်၍ တပ်မတော်နှင့် အစိုးရသည် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးမှုများကို သံသယဖြစ်ပါက ၎င်းတို့အနေဖြင့် ထိုဆွေးနွေးပွဲများတွင် ကိုယ်တိုင်ပါဝင်၊ စောင့်ကြည့်ကာမှတ်တမ်းတင်ခြင်းများပြုလုပ်သင့်သည်ဟု နိုင်အောင်မငေးကအကြံပြုဖြေဆိုခဲ့သည်။ မည်သည့်အကြောင်းကြောင့်မဆို ရခိုင်နှင့်ရှမ်းပြည်သူများသည် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲအတွက် လူထုတွေ့ဆုံစည်းအဝေးပွဲများကျင်းပပြုလုပ်နိုင်ခွင့် မရှိသမျှကာလပတ်လုံး လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ဆက်လက်၍တစ်ဆို့နေမည်ဖြစ်သည်ဟု နိုင်အောင်မငေးကအကြံပြုပြောဆိုခဲ့သည်။ ထို့ကြောင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် လက်မှတ်ရေးထိုးပြီးသော EAO အဖွဲ့များအားလုံးပါဝင်ရမည်ဖြစ်သည်။

## EAO အဖွဲ့များကြားစည်းလုံးမှုမရှိခြင်း

ဤလေ့လာမှုတွင် တပ်မတော်နှင့် EAO အဖွဲ့များကြားတွင်သာမက လက်မှတ်ရေးထိုးပြီးသော EAO အဖွဲ့များ အတွင်းတွင်လည်း စည်းလုံးမှုမရှိကြောင်းတွေ့ရှိခဲ့သည်။ ထို EAO အဖွဲ့များသည် နိုင်ငံရေးဆိုင်ရာ ရည်မှန်းချက်နှင့် နောက်ခံအကြောင်း အမျိုးမျိုးရှိသည်။ ထိုအကြောင်းအရာနှင့်စပ်လျဉ်း၍ မိစုပွင့်က "စစ်အစိုးရအဆင့်ဆင့်လက်ထက်က ငြိမ်းချမ်းရေး ကမ်းလှမ်းတိုင်းလည်း ကိုယ်တွေက တပ်ပေါင်းစုနဲ့ ဆွေးနွေး မယ်လို့ ပြောပြီးတော့ပဲ တစ်ဖွဲ့ချင်းစီဖောက်ပြီး ဆွေးနွေးကြတယ်။ အခုဆိုရင်လည်း သဘောထားစုလို့မရဘူး။ ပြန်စုဖို့အရေးကိုတောင်မှ အစည်းအဝေးကို ဘယ်သူခေါ်မလဲဆိုတာကိုတောင်မှ ပြဿနာဖြစ်နေတာတွေ မျိုးပေ့ါနော်။ ကိုယ့်ဘက်မှာလည်း ညီညွတ်ရေး နားလည်မှုတွေ အများကြီးလုပ်ဖို့ လိုနေသေးတဲ့ အခြေအနေပေ့ါနော်" ဟု သုံးသပ်ပြောဆိုခဲ့သည်။

# သုံးသပ်ချက် နှင့် အကြံပြုထောက်ခံချက်များ

ဤအစီရင်ခံသည် NCA ၏ နိုင်ငံရေးဆွေးနွေးမှုမူဘောင် လက်အောက်ရှိ လက်ရှိမြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ရှေ့မတိုးနောက်မဆုတ်ဖြစ်စေသည့်အကြောင်းရင်းများကို ရှာဖွေခဲ့ပြီးဖြစ်ပါသည်။ ၎င်းသည် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်း စဉ်တွင် အဓိကပါဝင်သူများအတွက် အခက်အခဲများကို ကျော်ဖြတ် နိုင်ရန်အထောက်အထားအခြေပြုဖြေရှင်းနည်းများကို အကြံပြု ထောက်ခံပေးရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။ ယခုတွေ့ရှိချက်များ အရ လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တစ်ခုတည်းသော တပ်မတော်တည်ထောင်ခြင်း၊ ပြည်ထောင်စုမှခွဲမထွက်ရေးမူ၊ NCA ၏ အခြေခံမူများကို နားလည်မှုကွဲပြားခြင်း၊ အလုံးစုံမပါဝင်ခြင်း၊ JMC ၏အခန်းကဏ္ဍ၊ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ မရှိခြင်း နှင့် EAO အဖွဲ့များအတွင်း စည်းလုံးမှုမရှိခြင်းစသည့် အကြောင်းရင်းများဖြင့် အတားအဆီးများစွာရှိနေသည်ကို အတည်ပြုခဲ့သည်။ ဤလေ့လာမှု၏ တွေ့ရှိချက်များအရ အဓိက သက်ဆိုင်သူ stakeholder များ ကြားတွင် အင်အားမညီမျှမှု နှင့် ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးခြင်းများအပေါ်တွင် ယုံကြည်မှုမရှိခြင်း တို့နှင့် စပ်လျဉ်းပြီး နားလည်မှုပုံစံအသစ်တစ်ခုပေးနိုင်ခဲ့သည်။ ၎င်းသည် NCAစာချုပ်ပါ နိုင်ငံရေးဆွေးနွေးပွဲမူဘောင်နှင့် အကောင် အထည်ဖော်ခြင်းလုပ်ငန်းစဉ်ကို ထိခိုက်မှုရှိပါသည်။ ရှာဖွေတွေ့ရှိ ချက်များအပေါ်အခြေခံပြီး အဓိကသက်ဆိုင်သူ stakeholder များသည် အောက်ပါလုပ်ဆောင်ချက်များကို အကောင်အထည် ဖော်နိုင်ရန် သုတေသီများကအကြံပြုတင်ပြအပ်ပါသည်။

၁။ ပထမဆုံးအကြံပြုချက်အနေဖြင့် တစ်ခုတည်းသော တပ်မတော် နှင့် ပြည်ထောင်စုမှခွဲမထွက်ရေးမူ ကိစ္စရပ်များကို အလွန်ဆောလျင်စွာဆွေးနွေးခဲ့ကြပြီး သက်ဆိုင်သူ stakeholder များ ကြားတွင် ယုံကြည်မှုကို ပထမဆုံးတည် ဆောက်ပြီးမှသာလျှင်နှစ်ဖက်စလုံးက ဆွေးနွေးရန်အဆင်သင့် ဖြစ်သောအခါ ထိုအကြောင်းကိစ္စရပ်များကို ဆွေးနွေးနိုင်မည် ဖြစ်ပါသည်။

၂။ အဓိကပါဝင်သူများအားလုံးသည် NCA စည်းမျဉ်းစည်းကမ်း များ၏ ဆိုလိုရင်းအဓိပ္ပာယ်များကို အပြည့်အဝ ဆင်ခြင် သုံးသပ်ရန် လိုအပ်ပါသည်။ ဤကဲ့သို့ပြုလုပ်ခြင်းကြောင့် NCA စာချုပ်ပါအဓိကအကြောင်းအရာများကို အများလက်ခံသည့် နားလည်မှုနှင့် သဘောတူညီချက်ထားရှိနိုင်မည်ဖြစ်ပါသည်။

၃။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည်အားလုံးပါဝင်ရန်လိုအပ် ပါသည်။ လက်မှတ်မရေးထိုးရသေးသောအဖွဲ့များမပါရှိဘဲ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် မည်သည့်အခါမှ ရေရှည်တည်မြဲသောရလဒ်များရရှိနိုင်မည်မဟုတ်ပေ။

၄။ EAO အဖွဲ့များအတွင်းစည်းလုံးညီညွတ်မှုတည်ဆောက် ရမည်ဖြစ်သည်။ ညှိနှိုင်းခြင်းလုပ်ငန်းစဉ်တွင် EAO အဖွဲ့များ အတွက် နိုင်ငံရေးရာဘုံရည်မှန်းချက်ပန်းတိုင်များသည် ညှိနှိုင်းမှုအားကောင်းစေရန် အရေးကြီးပါသည်။

၅။ JMC ၏ အခန်းကဏ္ဍကိုပြန်လည်သတ်မှတ်ထားရှိရမည် ဖြစ်သည်။ JMC ကော်မတီ၏အခန်းကဏ္ဍများသည် ယုံကြည်မှု နှင့် အင်အားမညီမျှမှုတို့နှင့်လည်း ဆက်စပ်လျက်ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် JMC သည် ရှင်းလင်းတိကျသော တာဝန်ဝတ္တရားများ သို့မဟုတ် လုပ်ပိုင်ခွင့်အာဏာမရှိ သောကြောင့်ဖြစ်ပါသည်။

၆။ တိုင်းရင်းသားလူနည်းစုများကို အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲပြုလုပ်ရန် အားပေးအားမြှောက်ပြုသင့်ပါသည်။ အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲညီလာခံကိစ္စရပ်သည် NCA စာချုပ်လက်မှတ်ထိုးပြီးအဖွဲ့များနှင့်တပ်မတော်တို့ကြား အငြင်းပွားဖွယ်ကိစ္စရပ်တစ်ခု ဖြစ်နေဆဲဖြစ်ပါသည်။

ထို့ကြောင့် သက်ဆိုင်သူ stakeholder များအားလုံး၊ အထူးသဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အဓိကပါဝင်နေသူများသည် လုပ်ငန်းစဉ်ရှိအတားအဆီးများကို အလေးအနက်စဉ်းစားပြီး ထိုပိတ်ဆို့နေသည့်အကြောင်းရင်းများကို အားလုံးပါဝင်ခြင်းနှင့် ဘုံရည်မှန်းချက်ပန်းတိုင်တို့ဖြင့် ကျော်ဖြတ်နိုင်ရန် နည်းလမ်း များရှာဖွေရန်လိုအပ်ပါသည်။ နောက်ထပ်သုတေသနများတွင် တပ်မတော်အပါအဝင်၊ အစိုးရ၊ လက်မှတ်ထိုးပြီးနှင့်မထိုးရ သေးသောအဖွဲ့များ နှင့် အခြားအရပ်ဘက်ဆိုင်ရာလူမှုအဖွဲ့ အစည်းများ စသည့် သက်ဆိုင်သူ stakeholderများ၏ သဘောထားအမြင်အမျိုးမျိုးကို အထူးပြုလေ့လာသင့်ကြောင်း အကြံပြုအပ်ပါသည်။

# ကျမ်းကိုးစာရင်း

Kipgen, N. (2015). Ethnic nationalities and the peace process in Myanmar. *Social Research, 82, 399-425.*

Min Zaw Oo. (2014). *Understanding Myanmar's peace process: Ceasefire agreements.* Yangon, Myanmar: Swisspeace.

National Reconciliation and Peace Centre. (2015). *Nationwide Ceasefire Agreement.* Retrieved from www.myanmarstatecounsellor.info

Nyan Hlaing Lynn. (2017, May 24). The seven obstacles to peace. *Frontier Myanmar.* Retrieved from https://frontiermyanmar.net

Nyein Nyein. (2018, December 18). Peace process will remain in deadlock if single army issue cannot be resolved. *The Irrawaddy.* Retrieved from https://www.irrawaddy.com/

Sakhong, L. H. (2017). ဖက်ဒရယ်စနစ်၏ အင်္ဂါရပ်များ (The characteristics of federalism). Yangon, Myanmar: Center for Development and Ethnic Studies.

Walton, M. J. (2008). Ethnicity, conflict, and history in Burma: The myths of Panglong. *Asian Survey, 48, 889-910.*

# စာရေးသူများအကြောင်း

**ဂွမ်ဆန်အောင်**သည် ကချင်ပြည်နယ်မှဖြစ်ပြီး လူမှုရေးရာဘာသာရပ်ဖြင့် မြန်မာနိုင်ငံခရစ်ယာန်ဓမ္မတက္ကသိုလ်  (Myanmar Institute of Theology) မှ ဘွဲ့ရရှိခဲ့သူဖြစ်ပါသည်။ ရန်ကုန်တက္ကသိုလ်တွင် နိုင်ငံရေးသိပ္ပံဒီပလိုမာတန်းကို လက်ရှိတက်ရောက်နေဆဲဖြစ်ပါသည်။ ဂွမ်ဆန်အောင်သည် မီဒီယာ၊ သုတေသန နှင့် ငြိမ်းချမ်းရေးကဏ္ဍအသီးသီးတွင် အလုပ်သင်အဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး ကျောင်းသားအဖွဲ့အစည်းများနှင့် လူမှုရေးရာလုပ်ငန်းတို့တွင်လည်း လုပ်အားပေးအဖြစ်လုပ်ကိုင်ခဲ့ပါသည်။ သူ၏ရည်မှန်းချက်ပန်းတိုင်မှာ တိုင်းပြည်ပြောင်းလဲရေးအတွက် အားသွန်ခွန်စိုက်အကျိုးပြုလုပ်ဆောင်နိုင်ရန်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးခေါင်းဆောင်မှု နှင့် သုတေသန အင်စတီကျူ့တွင် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဘာသာရပ်များကို လေ့လာဆည်းပူးပြီးနောက်တွင် ဂွမ်ဆန်အောင်သည် လူ့အဖွဲ့အစည်းတိုင်းတွင် ပဋိပက္ခများ၏အရင်းအမြစ်မှာ တရားမမျှတမှု နှင့် တန်းတူညီတူ မရှိမှုတို့ကြောင့်ဖြစ်သည်ကို သဘောပေါက်နားလည်လာခဲ့ပါသည်။

**မိအေးခိုင်**သည် မွန်ပြည်နယ်မှဖြစ်ပြီး ထိုင်း-မြန်မာနယ်စပ်ဒေသရှိ အမျိုးသမီးစွမ်းအင်မြှင့်တင်ရေး၊ ခေါင်းဆောင်မှု နှင့် စီမံခန့်ခွဲမှု သင်တန်းကျောင်း၊ ထိုင်းနိုင်ငံရှိ Women Intensive သင်တန်းကျောင်း နှင့် ထိုင်းနိုင်ငံ Payap နိုင်ငံတကာတက္ကသိုလ်မှ အဖွဲ့အစည်း ဆိုင်ရာဖွံ့ဖြိုးရေးဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့ပါသည်။ မိအေးခိုင်သည် မွန်လူငယ်တိုးတက်ရေးအဖွဲ့၊ ဗမာ့ကျောင်းသား နှင့် လူငယ်ကွန်ဂရက်စ်၊ ဗမာ့မြစ်များကွန်ရက် တို့တွင် အလုပ်လုပ်ကိုင်ခဲ့ဖူးပြီး မွန်ပြည်နယ်ဒေသတွင်းအသက်မွေးမှုဆိုင်ရာ သုတေသနအတွေ့အကြုံ၊ ရပ်ရွာလူထုစွမ်းအားနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးသင်တန်း နှင့် advocacy လုပ်ငန်း အသိပေးညှိနှိုင်းခြင်း၊ အစရှိသည့် လုပ်ငန်းအတွေ့အကြုံများစွာရှိသူဖြစ်ပါသည်။ လက်ရှိအချိန်တွင် မိအေးခိုင်သည် သုတေသသန စီမံကိန်းအရာရှိအဖြစ် Oxfam မြန်မာ တွင် အလုပ်လုပ်ကိုင်လျက်ရှိပါသည်။

**ဉာဏ်ထွန်းအောင်** သည် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသက  ဖြစ်ပြီး အဝေးသင်ပညာရေးတက္ကသိုလ်မှ အင်္ဂလိပ်အထူးပြုဘာသာရပ် နှင့် မြန်မာနိုင်ငံခရစ်ယာန်ဓမ္မတက္ကသိုလ် (Myanmar Institute of Theology) Liberal Arts Program မှ လူမှုရေးရာဘာသာရပ်ဖြင့် ဘွဲ့ရရှိ ထားသူဖြစ်သည်။  သူသည် အလွတ်တန်းသုတေသီအဖြစ် အဖွဲ့အစည်းအမျိုးမျိုးတွင် လုပ်ကိုင်ခဲ့ဖူးပြီး လက်ရှိအချိန်တွင် ရန်ကုန်မြို့ရှိ NCA လက်မှတ်ရေးထိုးထားသော  တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ရုံးအဖွဲ့ (NCA-S EAO Office) တွင် လုပ်ကိုင်လျက်ရှိပါသည်။ သူသည် နာဂကျောင်းသားလူငယ်များအဖွဲ့ချုပ်(ရန်ကုန်)တွင်လည်း ဥက္ကဋ္ဌ အဖြစ်တာဝန်ထမ်းဆောင်လျက်ရှိသည်။

ဤစာတမ်းတွင်ပါရှိသော အတွေးအမြင်များသည် FES ၊ PLRI နှင့်တကွ ယင်းတို့၏ အလှူရှင်များနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ အတွေးအမြင်များမဟုတ်ပါ။

FES မှထုတ်ဝေထားသော စာအုပ်များကို FES ၏ စာဖြင့်ရေးသား ထားသော သဘောတူညီချက်မပါပဲ အမြတ်အစွန်းအတွက်စီးပွားဖြစ်ထုတ်ဝေခွင့်မပြုပါ။

**ပုံနှိပ်**
©၂၀၁၉ ခုနှစ် ဖရက်ဒရစ်အဲဘတ်ဖောင်ဒေးရှင်း (FES) မြန်မာရုံး
အမှတ် (၇၃၉)၊ စံပါယ်ရုံလမ်းသွယ် (၁)၊ ပါရမီ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ။

**တာဝန်ရှိပုဂ္ဂိုလ်**
အလက်ခ်စ်ဆေး ယူစူပေါ့ဗ် - ဌာနေကိုယ်စားလှယ်
ရုံးဖုန်း ၀၉ ၉၇၂ ၇၇၉ ၇၆၇
https://www.fes-myanmar.org
Friedrich-Ebert-Stiftung Myanmar Office

စာအုပ်မှာယူရန်
info-myanmar@fes.asia

**Izumi Idoia Zubia** – Cover illustrations
**Myriam Rueda** – Layout Design
**နော်ဝေနင်းကျော်** - ဘာသာပြန်ဆိုသူ
**နော်စာဘလှ** - စာအထားအသိုဖတ်ရှုစစ်ဆေးသူ

**ငြိမ်းချမ်းရေးခေါင်းဆောင်မှုနှင့်သုတေသနအင်စတီကျု့ အကြောင်း**

ငြိမ်းချမ်းရေးခေါင်းဆောင်မှုနှင့်သုတေသနအင်စတီကျု့သည် သပြေပညာရေးဖောင်ဒေးရှင်းနှင့်ပူးပေါင်းပြီး ဖွဲ့စည်းထားသော အဆင့်မြင့်ပညာရပ်များကို သင်ကြားပေးနေသည့် သင်တန်းကျောင်းတစ်ခုဖြစ်ပါသည်။ သင်တန်းကျောင်းကို ၂၀၁၈ခုနှစ်တွင်စတင်ထူထောင်ခဲ့ပြီး တစ်နှစ်တာအချိန်ကြာမြင့်သော ငြိမ်းချမ်းရေးခေါင်းဆောင်မှု ဘွဲ့လွန်ဒီပလိုမာပေးအပ်ချီးမြှင့်သည်။ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည် သင့်မြတ်ရေးကိုဆောင်ရွက်ရာတွင် တာဝန်ယူမှုနှင့်တာဝန်ခံမှုကိုရှိသော ခေါင်းဆောင်မှုဆိုင်ရာနှင့် သက်သေအထောက်အထား (သို့) အချက်အလက်အခြေပြုသည့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်အောင် ပြုစုပျိုးထောင်ပေးနေသော နေရာတစ်ခုလည်းဖြစ်ပါသည်။ ထိုသို့ပြုလုပ်နိုင်ရန် သင်တန်းကျောင်းသည် လူမှုရေးသိပ္ပံနှင့် ပတ်သက်ဆက်နွယ်သော သုတေသနပြုလုပ်ခြင်းဆိုင်ရာ အရည် အသွေးမြင့်သင်တန်းကို မြန်မာနိုင်ငံတဝှမ်းလုံးရှိ တက်ကြွပြီး အရည်အချင်းပြည့်ဝသောလူငယ်များကို လေ့ကျင့်သင်ကြားပေးပြီ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် လူငယ်များမျှော်မှန်းသော ခေါင်းဆောင်မှုကဏ္ဍတွင် ပါဝင်လာနိုင်ရန်ဖြစ်သည်။
ဤစာစောင်သည် ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်အတွင်း တက်ရောက်ခဲ့သည့် ဘွဲ့ရမောင်မယ်များမှ ပြုစုရေးသားခဲ့ပြီး ပညာရေးဆိုင်ရာဆောင်းပါးအဖြစ် ရွေးချယ်ခြင်းခံထားရသည့် အစီရင်ခံစာ ၆ ခုအနက်မှ တစ်ခုဖြစ်သည်။

**၂၀၁၈ -၂၀၁၉ PLRI ဘွဲ့ရမောင်မယ်များမှ ပြုစုရေးသားခဲ့သော အခြားစာတမ်းများ -**

- မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းလုပ်ငန်းစဉ်ချမှတ်ခြင်း - တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏သဘောထားအမြင်များ
- ငြိမ်းချမ်းရေးအတွက်ပူးပေါင်းဆောင်ရွက်ခြင်း၏အားသာချက် - မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်သည့် လုပ်ငန်းစဉ်တွင် ပူးပေါင်းဆောင်ရွက်ခြင်းမှ တစ်ဆင့် လူငယ်များ၏ပါဝင်မှုကို မြှင့်တင်ခြင်း
- ဖယ်ကျဉ်ခံထားရာမှအလယ်ဗဟိုဆီသို့ - ကရင်နီပြည်နယ်အတွင်းနေထိုင်သော တိုင်းရင်းသားလူနည်းစုများ၏ နိုင်ငံရေးနှင့်လူမှုရေးဆိုင်ရာ ဖယ်ကျဉ်ခံထားရသည့်အတွေ့အကြုံများ
- ဖုံးကွယ်ခံအမှန်တရားများ - ရခိုင်ပြည်နယ်မြောက်ပိုင်းမှလူနည်းစုအတွင်းရှိ လူနည်းစုများ၏ အကြမ်းဖက်အရေးအခင်းအတွင်း အတွေ့အကြုံများ
- မြန်မာနိုင်ငံရဲတပ်ဖွဲ့အပေါ် ပြည်သူလူထု၏ယုံကြည်အားကိုးမှု - သက်ရောက်လွှမ်းမိုးမှုရှိနေသည့် အကြောင်းရင်းများကို လေ့လာဖော်ထုတ်ခြင်း

- သုတေသနအစီရင်ခံစာ ၆ စောင်အား ပေါင်းစုထားသည့် "မြန်မာ့ငြိမ်းချမ်းရေးကို ရှာဖွေခြင်း - ထိပ်ဆုံးအလွှာမှသည် အောက်ခြေ မြေပြင်အဆင့်၏ အတွေးအမြင်များကို ဆန်းစစ်လေ့လာခြင်း" ဟူသောစာစောင်ကိုလည်း ရယူဖတ်ရှုနိုင်ပါသည်။

Friedrich-Ebert-Stiftung (FES) (ဖရက်ဒရစ်အဲဘတ်ဖောင်ဒေးရှင်း) သည် ဂျာမနီနိုင်ငံတွင် သက်တမ်း အကြာရှည်ဆုံး နိုင်ငံရေး ဖောင်ဒေးရှင်းဖြစ်ပြီး၁၉၂၅ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ဂျာမနီ၏ပထမဦးဆုံး ဒီမိုကရေစီစနစ်ဖြင့် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၏အမည်ကို အစွဲပြု၍အမည်ပေးထားခြင်း ဖြစ်သည်။

FES မြန်မာရုံးကို ၂၀၁၄ခုနှစ်တွင် တရားဝင်တည်ထောင်ဖွင့်လှစ်ခဲ့ပါသည်။ သို့သော် FES လုပ်ငန်းများမှာမူ ၂၀၀၅ခုနှစ်ကပင် စတင်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။ FES ၏ပြဌါန်းလုပ်ဆောင်မှုနှင့်အညီ ဆိုရှယ်ဒီမိုကရေစီတန်ဖိုးများနှင့် အယူအဆများကို ဖော်ဆောင်ရန် FES မြန်မာရုံးသည် အများပါဝင်ဆောင်ရွက်နိုင်သော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ဖြစ်စေးရေးလုပ်ငန်း၊ လူမှုတရားမျှတမှု ပြည့်ဝသော လူ့ဘောင်အဖွဲ့အစည်းဖြစ်စေရေး အထောက်အကူပြုသောလုပ်ငန်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံခြားရေးမူဝါဒ အခြေခံမှုများဖြစ်သော ငြိမ်းချမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်ပေးသော လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ပါသည်။

www.fes-asia.org